# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

April 18 , 2023 Volume 65, Number 6

၁၈.၄.၂၀၂၃

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၂၀၀၁ US$ |
| မြန်မာ့ရွှေဈေး | = ၂၉၆၀၀၀၀ |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၃၀၃.၈ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၇၆.၂ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၆၁၀.၁ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၄၁၄.၂ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၃၀၅.၃၄ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၅၉၈ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၉.၄၉ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၇၃.၆၁ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၁.၂၂၄ ကျပ် |

Source: CBM Rate, etrademyanmar.com

## ၂၀၂၂- ၂၀၂၃ ဘဏ္ဍာနှစ်တွင် မြန်မာနိုင်ငံမှ ပျားရည် ၁,၉၀၀ တန်ကျော် တင်ပို့နိုင်ခဲ့



https://xinhuamyanmar.com

မြန်မာနိုင်ငံက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ပျားရည်တန်ချိန် ၁,၉၀၀ ကျော် တင်ပို့နိုင်ခဲ့ပြီး အမေရိကန်ဒေါ်လာ ၂.၈ သန်းကျော် ဝင်ငွေရရှိခဲ့ကြောင်း မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးစိုးနိုင်က ဧပြီ ၁၁ ရက်တွင် ဆင်ဟွာသို့ ပြောသည်။

မြန်မာနိုင်ငံ၏ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်သည် ၂၀၂၂ ခုနှစ် ဧပြီလ ၁ ရက်နေ့တွင် စတင်ခဲ့ပြီး ၂၀၂၃ ခုနှစ် မတ်လ ၃၁ ရက်နေ့၌ ပြီးဆုံးခဲ့ခြင်းဖြစ်သည်။ အဆိုပါကာလအတွင်း မြန်မာနိုင်ငံသည် ပင်လယ်ရေကြောင်းမှ ပျားရည်တန်ချိန် ၁၈၅၃.၇၄ တန် တင်ပို့ခဲ့ပြီး နယ်စပ်မှတစ်ဆင့် ပျားရည် ၆၃.၄၄ တန် တင်ပို့ခဲ့ကြောင်း မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ သိရသည်။

"ဒီနှစ်မှာ ထုတ်လုပ်မှု ကျဆင်းသွားတဲ့အတွက် ပျားရည်တင်ပို့မှု လျော့နည်းသွားခဲ့တယ်" ဟု ဦးစိုးနိုင်ကပြောသည်။ မြန်မာနိုင်ငံသည် ယခင်နှစ်များက ပျားရည်တန်ချိန် ၃,၀၀၀ ခန့် တင်ပို့ခဲ့ပြီး လွန်ခဲ့သည့်နှစ်များတွင် နှစ်စဉ် ပျားရည်တန်ချိန် ၄,၀၀၀ မှ ၅,၀၀၀ အထိ ထုတ်လုပ်နိုင်ခဲ့ကြောင်း ဦးစိုးနိုင်ကဆိုသည်။ မြန်မာနိုင်ငံမှ ပျားရည်ကို တရုတ်နိုင်ငံ၊ ဂျပန်နိုင်ငံ၊ တောင်ကိုရီးယားနိုင်ငံ၊ ထိုင်းနိုင်ငံ၊ အမေရိကန်နိုင်ငံနှင့် စင်ကာပူနိုင်ငံများသို့ တင်ပို့ခဲ့ကြောင်း ၎င်းကဆိုသည်။

မြန်မာနိုင်ငံ၏ ပျားမွေးမြူရေးခြံအများစုသည် မန္တလေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့၌ ရှိကြောင်းသိရသည်။ မြန်မာနိုင်ငံတွင် ထုတ်လုပ်သော ပျားရည်များမှာ နှမ်းပျားရည်၊ ဆီးပျားရည်၊ ပန်းနှမ်းပျားရည်၊ ရော်ဘာပျားရည်၊ လိုက်ချီးပျားရည်နှင့် ပန်းပေါင်းစုံပျားရည်တို့ဖြစ်ကြောင်း သိရသည်။

**Source:** https://xinhuamyanmar.com/news/business/nm–23040110019/

# CONTACT US

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com

## ထိုင်းနိုင်ငံစီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ဝန်ကြီးဌာနက ပြည်တွင်းထွက်ကုန် ဈေးနှုန်းများတည်ငြိမ်စေရန် အစီအမံ (၂၂) ခုကို ဆွေးနွေးခဲ့ခြင်း

ထိုင်းနိုင်ငံ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် ထိုင်းသစ်သီး တင်ပို့မှုကို ၁၀% မြှင့်တင်ရန်ရည်မှန်းချက်ဖြင့် ပြည်တွင်းသစ်သီးဈေးနှုန်းများကို ထိန်းသိမ်းရန်အစီအမံများ ချမှတ်ဆောင်ရွက်လျက်ရှိပါသည်။

ထိုင်းနိုင်ငံ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် ပို့ကုန်ထုတ်လုပ်မှု ပြည်တွင်းနှင့်နိုင်ငံတကာ ဈေးကွက်ရှာဖွေရေးနှင့် ဥပဒေရေးရာကိစ္စရပ်များအပါအဝင် ကဏ္ဍပေါင်းစုံတွင် သက်ဆိုင်ရာအေဂျင်စီများနှင့် ပူးပေါင်း ဆောင်ရွက်လျက်ရှိသောကြောင့် ဝန်ကြီး၏ လက်ထောက်ဖြစ်သူ Ms. Sansern Samalapa မှ ဦးဆောင်ပြီး အစိုးရအေဂျင်စီများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ လယ်သမားများ၊ လက်လီလက်ကားရောင်းချသူများ၊ ဓါတ်ဆီဆိုင်များ၊ လေကြောင်းလိုင်းများ၊ ငွေရေးကြေးရေးဆိုင်ရာအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များပါဝင်သည့် အစည်းအဝေးတစ်ခုကျင်းပကာ ထိုင်းပို့ကုန်များ၏ ဈေးနှုန်းတည်ငြိမ်စေရေး ကျင့်သုံးဆောင်ရွက်မည့် အစီအမံ (၂၂) ခု ဆွေးနွေးခဲ့ကြသည်။

ယခုအခါ ဝန်ကြီးဌာနအနေဖြင့် စိုက်ပျိုးရေးအလေ့ကျင့်ကောင်းလက်မှတ် GAP ရရှိစေရန် ကောက်ပဲသီးနှံအမျိုးအစားပေါင်း ၁၂၀,၀၀၀ အတွက် ဆောင်ရွက်နေပြီး လယ်ယာများမှ ထွက်ကုန်တန်ချိန် တစ်သိန်း ကြိုတင်ဝယ်ယူရေးစာချုပ်ချုပ်ဆိုထားကာ တန်ချိန် ကိုးသောင်းကို တစ်ကီလိုဂရမ်လျှင် ၃ ဘတ်နှုန်းဖြင့် ပို့ဆောင်ရန် ဆောင်ရွက်နေကြောင်း၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနသည် လက်ဆတ်သောသစ်သီးများနှင့် ပြုပြင်လုပ်ထားသော သစ်သီးများတင်ပို့မှုကို ယခင်နှစ်ထက် ၁၀ ရာခိုင်နှုန်း တိုးမြှင့်တင်ပို့ရန် ရည်ရွယ်ထားပြီး ရည်မှန်းချက်ပမာဏ တန်ချိန် ၄.၄၄ သန်းဖြစ်ကြောင်း pattayamail.com မှ သိရှိရပါသည်။

**Source:** https://www.commerce.gov.mm/my/article/update-news-international-trade/%

## ကမ္ဘာ့စီးပွားရေးတိုးတက်မှု၏ထက်ဝက်ကို တရုတ်နှင့်အိန္ဒိယတို့က မျှဝေယူမည်



https://www.myawady.net.mm

ကမ္ဘာ့နိုင်ငံအများအပြား၏ စီးပွားရေးတိုးတက်မှုနှုန်းသည် ယခုနှစ်အတွင်း ဆက်လက်နှေးကွေးနေမည်ဖြစ်သော်လည်း အာရှဒေသ၏ စီးပွားရေးတိုးတက်မှုနှုန်းသည် အလားအလာ ကောင်းမွန်လျက်ရှိကြောင်း အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့(IMF)မှ ဦးဆောင်ညွှန်ကြားရေးမှူး ခရစ္စတယ်လီနာဂျော်ဂျီဗာက ပြောကြားသည်။

စီးပွားရေးတိုးတက်မှု နှေးကွေးနေခြင်းကြောင့် ဖွံ့ဖြိုးပြီးနိုင်ငံများအနက် အများစု၏ ဂျီဒီပီတိုးတက်မှုပမာဏသည် ယခုနှစ်အတွင်း ဆက်လက်ကျဆင်းလာနိုင်သော်လည်း အာရှအင်အားကြီးနိုင်ငံများဖြစ်သည့် တရုတ်နှင့်အိန္ဒိယတို့အနေဖြင့် ကမ္ဘာ့စီးပွားရေးတိုးတက်မှု၏ ထက်ဝက်ခန့်ကိုရရှိနိုင်မည်ဟု ဂျော်ဂျီဗာက ခန့်မှန်းထားသည်။

ထို့ပြင် ကမ္ဘာ့စီးပွားရေးသည် ယခု ၂၀၂၃ ခုနှစ်အတွင်း အများဆုံး ၃ ရာခိုင်နှုန်းသာ တိုးတက်လာနိုင်သည်ဟု IMF က ခန့်မှန်းထားပြီး ကမ္ဘာ့နိုင်ငံများ၏ စီးပွားရေးတိုးတက်မှုနှုန်းသည် ယခုပုံစံအတိုင်း နောက်ထပ်ငါးနှစ်အထိ ဆက်လက်ဖြစ်ပေါ်လာနိုင်သည်ဟုဆိုသည်။ ထို့ပြင် ကမ္ဘာ့နိုင်ငံအများအပြားတွင် စီးပွားရေးတိုးတက်မှုနှုန်းကို မြင့်တက်စေမည့် ဆောင်ရွက်ချက်များမှာလည်း နှေးကွေးနေမည်ဖြစ်ကြောင်း ဂျော်ဂျီဗာက ဆက်လက်ပြောကြားသည်။

တစ်ချိန်တည်းမှာပင် နိုင်ငံအများအပြား၌ ကိုဗစ်-၁၉ ရောဂါပိုးကူးစက်မှု ဖြစ်ပွားစဉ်ကာလအတွင်း ဖြစ်ပွားခဲ့သည့် ဆင်းရဲမွဲတေမှုနှင့် အစားအစာရှားပါးမှုတို့မှာလည်း အချို့နိုင်ငံများ၌ ဆက်လက်မြင့်တက် ဖြစ်ပွားလာနိုင်ကြောင်း ဂျော်ဂျီဗာက သတိပေးထားသည်။

အာရှအင်အားကြီးနိုင်ငံတစ်နိုင်ငံဖြစ်သည့် တရုတ်နိုင်ငံသည် ကမ္ဘာ့နိုင်ငံများတွင် ကိုဗစ်-၁၉ ရောဂါပိုးကူးစက်မှု ဖြစ်ပွားပြီးနောက်ပိုင်း ကမ္ဘာ့စီးပွားရေး ပြန်လည်နာလန်ထူလာစေရန် လုပ်ဆောင်ရာတွင် အရေးပါသည့် အခန်းကဏ္ဍမှ ပါဝင်လျက်ရှိကြောင်း ကျွမ်းကျင်သူများကပြောသည်။ ကိုဗစ်-၁၉ ရောဂါပိုးကူးစက်မှုဖြစ်ပွားခြင်းသည် ကမ္ဘာ့ကုန်ထုတ်လုပ်မှု ကွင်းဆက်များကို ရပ်ဆိုင်းစေခဲ့သည့်အပြင် ပို့ကုန်တင်ပို့ရေးကိုပါ ဆိုးဆိုးရွားရွား ထိခိုက်စေခဲ့သောကြောင့်ဖြစ်သည်။

သို့ရာတွင် အာရှဒေသရှိနိုင်ငံအချို့သည် ၂၀၂၃ ခုနှစ်အတွင်း စီးပွားရေးတိုးတက်မှု ပြန်လည်နာလန်ထူရေး ဆောင်ရွက်ချက်များကို အရှိန်အဟုန်တိုးမြှင့် လုပ်ဆောင်လာသောကြောင့် ယင်းဒေသတွင်းနိုင်ငံအချို့၏ စီးပွားရေးတိုးတက်မှု

နှုန်းမှာ ယခုနှစ်အတွင်း ၄ ဒသမ ၅ ရာခိုင်နှုန်းအထိ တိုးတက်လာနိုင်ကြောင်း ကျွမ်းကျင်သူများက ခန့်မှန်းထားကြောင်းသိရသည်။

**Ref: RT,Economictimes**

**Source:** https://www.myawady.net.mm/node/39350

## မြန်မာနိုင်ငံအပါအဝင် ၅ နိုင်ငံမှဆန်များကို အင်ဒိုနီးရှားဝယ်ယူမည်

အင်ဒိုနီးရှားမှ နိုင်ငံပိုင်လုပ်ငန်း ထောက်ပံ့ပို့ဆောင်ရေး အေဂျင်စီ Logistics Affairs Agency (Bulog) သည် ၂၀၂၃ ခုနှစ် ဒီဇင်ဘာလအထိ ဆန်တန်ချိန် ၃ သန်း တင်သွင်းရန်အတွက် နိုင်ငံငါးနိုင်ငံထံမှ ဝယ်ယူရန် ရည်မှန်းထားသည်။ Bulog သည် ဆန်တန်ချိန် နှစ်သန်းဝယ်ယူရန် ခွင့်ပြုမိန့် ပါမစ်ရထားသည်။

လျာထားသည့် ၅ နိုင်ငံသည် ၂၀၂၂ ခုနှစ်တွင် အင်ဒိုနီးရှားသို့ ဆန်တင်ပို့ခဲ့သည့် နိုင်ငံများဖြစ်သည်။ ၎င်း ၅ နိုင်ငံမှာ မြန်မာ၊ ဗီယက်နမ်၊ ထိုင်း၊ ပါကစ္စတန်နှင့် အိန္ဒိယတို့ဖြစ်သည်ဟု Bulog ဥက္ကဋ္ဌ ဒါရိုက်တာ Budi Waseso က ပြောကြားသည်။

အဆိုပါနိုင်ငံများနှင့် အရောင်းအဝယ်စာချုပ်များ လက်မှတ်ရေးထိုးသွားမည်ဟု ၎င်းကပြောကြားသည်။ ပြည်တွင်းဆန်လက်ကျန်အပေါ်မူတည်ပြီး တစ်သုတ်ပြီးတစ်သုတ် တင်သွင်းသွားမည်ဟု ၎င်းကပြောကြားသည်။

**Source: voi ideconomy**

https://www.foodindustrydirectory.com.mm/food-industry/cuisine/myanmar/item/6024-five-countries-to-bring-imported-rice.html

## ဖိလစ်ပိုင်နိုင်ငံသည် ဆန်တန်ချိန် ၃၃၀,၀၀၀ တင်သွင်းမည်

ဖိလစ်ပိုင်နိုင်ငံ၏ အမျိုးသားစားနပ်ရိက္ခာအာဏာပိုင်အဖွဲ့ National Food Authority (NFA) က အစိုးရသည် ဆန်ဈေးနှုန်းမြင့်တက်ခြင်းကိုထိန်းရန်နှင့် ငွေကြေးဖောင်းပွမှုကို ကန့်သတ်ရန် ကြိုးပမ်းလျက်ရှိရာ အရန်ဆန် မလုံလောက်မည့်အရေး ရှိလာသဖြင့် လိုအပ်မည့်ပမာဏကို ကာမိစေရန် ဆန်တန်ချိန် ၃၃၀,၀၀၀ ပြည်ပမှ တင်သွင်းရန် အဆိုပြုထားသည်။

အရေးပေါ် ကယ်ဆယ်ရေးအတွက်လည်း အရန်ဆန်လက်ကျန် လုံလုံလောက်လောက်ရှိနေဖို့ လိုအပ်သည်။ ပြည်တွင်းဈေးကွက်မှ ဆန်များကို ဝယ်ယူဖြည့်တင်းလျှင် ပြည်တွင်းဆန်ဈေးနှုန်း မြင့်တက်သွားလိမ့်မည်။ သို့ဖြစ်ရာ ပြည်ပမှတင်သွင်းပြီး အရန်ဆန်ဖြည့်တင်းရန် ဆုံးဖြတ်ခဲ့သည်။

ဖိလစ်ပိုင်တွင် ဆန်ဈေးမြင့်တက်နေသည်။ ဆန်ဈေးနှုန်းများမှာ ယခုနှစ်ဆန်းပိုင်းက ပီဆို ၃၅-၃၈ ရှိခဲ့ရာမှ ယခုအခါ တစ်ကီလို ပီဆို ၃၆-၄၀ ($0.65-$0.80) သို့ ရောက်ရှိနေသည်။

ဖိလစ်ပိုင်၏ နှစ်ကုန်ဆန်လက်ကျန်စာရင်းမှာ တန်ချိန် ၁.၆၉ သန်းရှိမည်ဟု ခန့်မှန်းရပြီး ၄၅ ရက်စာ နှင့် ညီမျှသည်။ ဆန်ဈေး မတက်အောင်ထိန်းဖို့ လက်ကျန်ဆန် အနည်းဆုံး ရက် ၉၀ စာ ရှိဖို့လိုအပ်သည်။

စိုက်ပျိုးရေးအတွင်းရေးမှူးလည်းဖြစ်သည့် သမ္မတ ဖာဒီနန်မားကို့စ်ဂျူနီယာက ဆန်ဈေးကိုထိန်းညှိဖို့ နည်းလမ်းပေါင်းစုံကို သုံးသပ်နေကြောင်း ပြောကြားခဲ့သည်။ လိုအပ်လာလျှင် ဆန်ကို ပြည်ပမှတင်သွင်းဖို့ စီစဉ်မည်ဟု ၎င်းကပြောကြားခဲ့သည်။

NFA က အစိုးရချင်း government-to-government အရောင်းအဝယ်ကို စီစဉ်မည်။ လက်ရှိတွင် ပုဂ္ဂလိက ကုန်သည်များသာ ဆန်တင်သွင်းနေကြသည်။ ဖိလစ်ပိုင်သည် ကမ္ဘာ့ဆန်အများဆုံး ဝယ်ယူသည့်နိုင်ငံများထဲတွင်ပါဝင်သည်။ အများစုကို ရေကြောင်းခရီးနီးသည့် ဗီယက်နမ်နိုင်ငံမှ တင်သွင်းသည်။ ထိုင်း၊ အိန္ဒိယ၊ မြန်မာနိုင်ငံတို့ထံမှလည်း တင်သွင်းသည်။

**Source:**https://www.foodindustrydirectory.com.mm/food-industry/food-livestock/item/6029-philippine-agency-seeks-330,000t-of-rice-imports.html

## အရည်သွေးမှီသည့် သရက်သီးများ ဈေးကောင်းရနေ




လက်ရှိ သရက်လှိုင်လှိုင်ပေါ်ချိန် ပြည်ပသို့ တင်ပို့ရန် အရည်သွေးမှီသည့် သရက်သီးများ ဈေးကောင်းရနေကြောင်း သရက်သီးတင်ပို့ရောင်းချသူများထံမှ သိရသည်။

အသီးကောင်း၊ အသီးရင့် ၊ အသီးလှပါက ဈေးကောင်းပေးဝယ်ကြပြီး အသီးသေး၊ အသီးညှံ့၊ အသီးနုပါက နှစ်စဉ် ဈေးနှိမ်ခံဝယ်ယူကြကြောင်း သရက်စိုက် တောင်သူများထံမှသိရသည်။ သို့သော် သရက်သီးများ ဈေးကောင်းရနေသော်လည်း သင်္ကြန်ပြီးမှသာ ဈေးကွက် ကောင်းမကောင်း အတိကျခန့်မှန်းနိုင်မည်ဖြစ်ကြောင်း သိရသည်။

"ဈေးကွက်အစ ကောင်းတာက ပထမအစသီးဖြစ်နေခြင်းက အဓိကအချက်ပါ။ ဈေးကောင်း၊ မကောင်း သင်္ကြန်ပြီး အတိအကျသိရပါလိမ့်မယ်၊ စိန်တလုံးသရက်သီးများ တရုတ်ဈေးကွက်သို့ စတင်ရောင်းချနေပါတယ်။ အသီးကောင်းရင် ဈေးကောင်းပေးဝယ်ပါတယ်"ဟု အရှေ့မြောက်တံခါး သစ်သီးကုမ္ပဏီမှ သုံးသပ်ပြောထားသည်။

ဒီနှစ် သရက်သီး အထွက်နှုန်းမှာ သိသိသာသာ နည်းပါးကြောင်းသိရပြီး တချို့ဒေသတွင် စိန်တလုံးများကို ဈေးမြင့်ပေးကာ ခြံပြတ်ဝယ်ယူနေကြကြောင်းလည်း သိရသည်။

သစ်သီးဝလံကုန်စည်ဒိုင်အနေဖြင့် ကုန်သည်များအား သရက်သီးရင့်မှည့်ပြီး အရည်အသွေးမီမှ တရုတ်နိုင်ငံသို့ တင်ပို့စေချင်ကြောင်း ၊သင်္ကြန်အပြီးဈေးကွက်ကို စောင့်ဆိုင်းကာ တင်ပို့စေချင်ကြောင်း သုံးသပ်ထားသည်။ အခုရက်ပိုင်း စိန်တလုံးတစ်ခြင်း ပျမ်းမျှ 120ယွမ် မှ 170 ယွမ် အတွင်းဈေးရရှိကြောင်း သိရသည်။

"တောင်သူတွေကိုလည်း အသိပေးလိုက်ချင်တာ ဈေးကောင်းရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကိုယ့်ရဲ့ထွက်လာတဲ့ သရက်သီးကတော့ ကိုယ်အရည်အသွေးကောင်းကောင်းလေးနဲ့ ထုတ်လုပ်နိုင်မယ်ဆိုရင်တော့ ဈေးရမဲ့နှစ်ပါ။ အသီးအထွက်လဲ နည်းနေတယ်" ဟု သရက်သီးတင်ပို့ရောင်းချသူ ကိုဝင်းမော်ကပြောသည်။

လက်ရှိ ပြည်တွင်း ကုန်စိမ်းဈေးကွက်တွင် သရက်သီးစိမ်း (ခေါ်) သရက်ကင်းဈေးမှာ တို့စရာအနေဖြင့် စားသုံးမှု များနေပြီး အသီးအနေအထားပေါ်မူတည်၍ ဈေးကွက်ရနေကြောင်းသိရသည်။

ပြီးခဲ့သည့်နှစ်များက ကိုဗစ်– ၁၉ ရောဂါဖြစ်ပွားချိန် ဝယ်ယူမှုများ ကန့်သတ်စိစစ်ခဲ့တာကြောင့် သရက်ဈေးကွက်ပျက်ခဲ့ပြီး သရက်စိုက်တောင်သူတွေအနေဖြင့် အရှုံးပေါ်ခဲ့ကာ သွင်းအားစုလျော့ပေါ့ခဲ့တာကြောင့် ညှာရင်းပုပ်ရောဂါတွေ ဝင်ရောက်ခဲ့ကြောင်းလည်းသိရသည်။ မြန်မာ့စိန်တလုံးသရက်များကို အဓိကအနေဖြင့် တရုတ်နိုင်ငံနှင့်စင်္ကာပူနိုင်ငံသို့ တင်ပို့လျက်ရှိကြောင်း သိရသည်။

**Source: AMIA**

https://t.me/htwettoe

## သင်္ကြန်ကာလ ထန်းလျက်ရောင်းအား ကိုဗစ်မတိုင်မီကာလထက် ထက်ဝက်ခန့်ကျဆင်းနေ




အခုနှစ် မြန်မာ့ရိုးရာသင်္ကြန်ကာလမှာ ထန်းလျက်ဈေးကွက်အတွင်း အရောင်းအဝယ် အခြေအနေမှာ ပုံမှန်ကာလထက် ရောင်းအားအနည်းငယ်တက်လာပေမယ့် ကိုဗစ်–၁၉ ကပ်ရောဂါမတိုင်မီ အခြေအနေနဲ့နှိုင်းယှဉ်ရင်တော့ ထက်ဝက်ခန့်ကျဆင်းနေတယ်လို့ ကျောက်ပန်းတောင်းဒေသ ထန်းလျက်အရောင်းအဝယ်ပြုလုပ်သူတချို့ထံက သိရပါတယ်။

အညာထန်းလျက်တွေရဲ့ ဈေးကွက်ဟာ မြန်မာ့ရိုးရာပွဲတော်ရက်တွေမှာ အရောင်းအဝယ် ကောင်းလေ့ရှိပြီး ပျော်ပွဲရွှင်ပွဲ၊ အလှူပွဲတွေအတွင်း ထန်းလျက်တွေကို ထည့်သွင်းအသုံးပြုကြတာလည်းဖြစ်ပါတယ်။ ဒါပေမဲ့လည်း ကိုဗစ်–၁၉ ကပ်ရောဂါ ဖြစ်ပွားချိန်ကစလို့ သင်္ကြန်ပွဲတော်အတွင်း ပွဲလမ်းသဘင်ပြုလုပ်မှု နည်းပါးသွားတာနဲ့အတူ ထန်းလျက်ရောင်းအားလည်းကျဆင်းခဲ့ပြီး အခုနှစ်မှာလည်း ပုံမှန်ထက် ရောင်းအားတက်ပေမယ့် ကပ်ရောဂါမတိုင်မီနှစ်များနဲ့ နှိုင်းယှဉ်ရင်တော့ ကျဆင်းနေတာလို့ဆိုပါတယ်။

“အရောင်းအဝယ်က ပုံမှန်ထက်တော့ ပြန်တက်လာပါတယ်။ ရန်ကုန်ဈေးက မတ်လကုန်ထဲက ပိုမှာလာတယ်။ ဒါပေမဲ့လည်း အရင်ကိုဗစ်မတိုင်မီအခြေအနေကိုတော့ မမီဘူးပေါ့။ အရင်က သင်္ကြန်ကာလအတွက် ပိဿာချိန် ၃၀၀ လောက်ရောင်းရင် အခုက ၂၅၀ လောက်ပဲ ရောင်းရတယ်” လို့ ကျောက်ပန်းတောင်းဒေသ ထန်းလျက်အရောင်းအဝယ် ပြုလုပ်သူတစ်ဦးကပြောပါတယ်။

သင်္ကြန်ကာလအတွင်း မုန့်လုပ်ထန်းလျက်ဈေးနှုန်းကတော့ အနည်းငယ်မြင့်တက်လာပါတယ်။ မတ်လကုန်ပိုင်းက မုန့်လုပ်ထန်းလျက် တစ်ပိဿာကို လက်ကားဈေးအနေနဲ့ ၂၅၀၀ ကျော်ရှိတာကနေ အခုအခါမှာတော့ ၄၀၀၀ ကနေ ၇၀၀၀ အထိ ရှိနေတယ်လို့ သိရပါတယ်။

အခြားတစ်ဖက်မှာတော့ အထက်အညာဒေသရဲ့ အခုနှစ် ထန်းလျက်ထုတ်လုပ်မှုဟာ ပြည်တွင်းအခြေအနေတွေကြောင့် လျော့ကျမှုတွေရှိနေတယ်လို့ သိရပါတယ်။

**ဤဆောင်းပါးကို Opinion Leaders မှကူးယူဖော်ပြပါသည်။**

**Source:** https://t.me/htwettoe

## ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ဆန်တင်ပို့နိုင်ရေး ကျပ် ၇၉ ဘီလီယံ ထောက်ပံ့ခဲ့ဟု စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီးပြော

ဘင်္ဂလားဒေ့ရှ်နိုင်ငံကို G to G အစီအစဉ်နဲ့ တန်းမြင့်ဆန်တင်ပို့ခြင်းတွေ ဆောင်ရွက်တဲ့နေရာမှာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေနဲ့ ယခုနှစ်အတွင်း ပို့ကုန်ထောက်ပံ့ငွေအဖြစ် ကျပ် ၇၉ ဘီလီယံ ထောက်ပံ့ပေးနိုင်ခဲ့တယ်လို့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးအောင်နိုင်ဦးက ပြောပါတယ်။

‘‘ယခင်အစိုးရအဆက်ဆက်က ဆောင်ရွက်ပေးနိုင်ခြင်းမရှိခဲ့သော ပို့ကုန်ထောက်ပံ့ငွေအဖြစ် ယခင်နှစ်တွင် ကျပ် ၃၀ ဘီလီယံ၊ ယခုနှစ်တွင် ကျပ် ၇၉ ဘီလီယံကို ထောက်ပံ့နိုင်ခဲ့ပါတယ်’’လို့ ဆိုပါတယ်။

မြန်မာနဲ့ဘင်္ဂလားဒေ့ရှ်နိုင်ငံအကြား G to G စနစ်နဲ့ ဆန်ရောင်းဝယ်နိုင်ဖို့ နားလည်မှုစာချွန်လွှာ MOU ရေးထိုးခဲ့ပြီး ၂၀၁၇ ခုနှစ်မှာ ဆန်တန်ချိန် ၁ သိန်း၊ ၂၀၂၁ ခုနှစ်မှာ ဆန်တန်ချိန် ၁ သိန်းနဲ့ ယခုတတိယအကြိမ်မှာ တန်ချိန် ၂ သိန်း တင်ပို့နိုင်ခဲ့တယ်လို့ သိရှိရပါတယ်။

လက်ရှိမှာ တန်းမြင့်ဆန် ဆက်လက်တင်ပို့နိုင်ရေးအတွက် ဘင်္ဂလားဒေ့ရှ် စားနပ်ရိက္ခာညွှန်ကြားမှုဦးစီးဌာနနဲ့ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်တို့အကြား ဆန်ရောင်းဝယ်မှုဆိုင်ရာ သဘောတူစာချုပ်ကို ၂၀၂၂ ခုနှစ်မှ ၂၀၂၇ ခုနှစ်အထိ ငါးနှစ်စာချုပ် လက်မှတ်ရေးထိုးထားပြီးဖြစ်ကြောင်း ဦးအောင်နိုင်ဦးကဆိုပါတယ်။ ‘‘ဆန်စပါးကဏ္ဍ ဖွံ့ဖြိုးရေးအတွက် ပုဂ္ဂလိကကဏ္ဍကလည်း ဝိုင်းဝန်းဆောင်ရွက်ပေးကြစေလိုကြောင်း ပြောကြားလိုပါတယ်’’လို့ ပြည်ထောင်စုဝန်ကြီးက ဆက်လက်ပြောကြားထားပါတယ်။

မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်ရဲ့ ဆန်ပြည်ပတင်ပို့မှုနဲ့ ပို့ကုန်ဝင်ငွေ ရရှိမှုအခြေအနေထုတ်ပြန်ချက်အရ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံကို ဆန်တန်ချိန် ၂ သိန်းခွဲနီးပါး တင်ပို့နိုင်ခဲ့ကြောင်းဖော်ပြထားပြီး ထိပ်သီးဆန်ဝယ်သူအဖြစ် ရပ်တည်နိုင်ခဲ့ပါတယ်။

**Source: BETV Business**

## မူဆယ်နယ်စပ်မှ တရုတ်နိုင်ငံသို့ ငါးရှဉ့်တင်ပို့မှုသည် အများဆုံး ပို့ကုန်ပစ္စည်းအဖြစ်ပါဝင်နေ

မူဆယ်နယ်စပ်မှ တရုတ်နိုင်ငံသို့ ငါးရှဉ့်တင်ပို့မှုအခြေအနေမှာ အခုနောက်ပိုင်းအများဆုံး ပို့ကုန်ပစ္စည်းများအဖြစ်ပါဝင်လာပြီဖြစ်ကြောင်း ကုန်သည်များနှင့်လုပ်ငန်းရှင်များကပြောပါတယ်။ ပြီးခဲ့သည့်ကိုဗစ် - ၁၉ ကပ်ရောဂါဖြစ်ပွားချိန်မှာ ငါးရှဉ့်နှင့်ကဏန်းလုပ်ငန်းများမှာ ရပ်ဆိုင်းသွားခဲ့ရပြီး ၂၀၂၂ ခုနှစ် ဖွန်လကုန်ပိုင်းလောက်က ပြန်လည်တင်ပို့ခွင့်ရခဲ့ပြီး လက်ရှိမှာတော့ မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်ကနေတင်ပို့တဲ့ အများဆုံးကုန်ပစ္စည်းတွေထဲမှာ ပါဝင်လာတာဖြစ်ပါတယ်။




စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အချက်အလက်တွေအရ မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်ကနေ မတ်လ ၁၂ ရက်နေ့က အများဆုံး ပို့ကုန်ပစ္စည်းတွေအဖြစ် ဖော်ပြရာမှာတော့ မြေပဲဆန်၊ သခွားမွေး၊ ကြက်သွန်နီ၊ ပဲတီစိမ်း၊ ဖရဲသီး၊ ငါးရှဉ့်၊ ငရုတ်သီးစို၊ ကဏန်း၊ အလူမီနီယံသတ္တု၊ နေလဲစေ့တို့ပါဝင်နေတာဖြစ်ပါတယ်။

ငါးရှဉ့်တင်ပို့မှုဟာ မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်ကနေ မတ်လ (၅) ရက်နေ့က တင်ပို့မှုကိန်းဂဏန်းအနေနဲ့ ၂၆.၉၆ တန်အထိရှိနေခဲ့ပါတယ်။ လက်ရှိမှာ ငါးရှဉ့်၊ ကဏန်းတင်ပို့မှုဟာ ပြည်တွင်းကုမ္ပဏီများနဲ့ တရုတ်နိုင်ငံရှိ ကုမ္ပဏီ များကြားကုမ္ပဏီချင်းချိတ်ဆက်ပြီး တရားဝင်တင်ပို့လျက်ရှိနေတယ်လို့သိရပြီး ၂၀၂၂ ခုနှစ် ဇွန်လမှ အခုနှစ် ဇန်နဝါရီလအထိ ခုနစ်လကျော်ကာလအတွင်း ကဏန်းတန်ချိန် ငါးထောင်ကျော်နှင့် ငါးရှဉ့်တန်ချိန် တစ်သောင်းနီးပါး တင်ပို့နိုင်တယ်လို့လည်း ဖော်ပြမှုတွေရှိနေပါတယ်။

၂၀၂၂-၂၀၂၃ ပြည်ပပို့ကုန်အုပ်စုအလိုက် ကာလတူတင်ပြမှုစာရင်းတွေအရ ဧပြီလမှ မတ်လ(၃) ရက်အထိ ဆယ့်တစ်လကျော်ကာလအတွင်း ရေထွက်ကုန်တင်ပို့မှုဟာ စုစုပေါင်းသန်း ၇၀၀ နီးပါးရရှိထားပါတယ်။

**ဤဆောင်းပါးကို Opinion Leaders မှကူးယူဖော်ပြပါသည်။**

**Source:** https://t.me/htwettoe

## STOCK EXCHANGE (18.4.2023)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 18th Apr. 2023

**Total Trading** (Continuous trading + Block trading)

| Trading Volume | Trading Value |
|---|---|
| 7,266 (Shares) | 12,731,900 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 7,800 | -200 | -2.50% | 7,800 | 7,800 | 7,800 | 112 | 873,600 | 33,109,694 | 258,256 |
| MTSH | 00002 | 2,900 | -100 | -3.33% | 3,000 | 3,000 | 2,900 | 450 | 1,333,400 | 38,929,150 | 112,895 |
| MCB | 00003 | 6,900 | -600 | -8.00% | 6,900 | 6,900 | 6,900 | 128 | 883,200 | 10,400,986 | 71,767 |
| FPB | 00004 | 1,450 | -50 | -3.33% | 1,450 | 1,500 | 1,450 | 6,471 | 9,384,450 | 29,664,613 | 43,014 |
| TMH | 00005 | 2,450 | -50 | -2.00% | 2,450 | 2,450 | 2,450 | 105 | 257,250 | 12,823,224 | 31,417 |
| EFR | 00006 | 2,600 | +0 | +0.00% | 2,600 | 2,600 | 2,600 | 0 | 0 | 19,977,223 | 51,941 |
| AMATA | 00007 | 5,000 | +0 | +0.00% | 5,000 | 5,000 | 5,000 | 0 | 0 | 10,497,598 | 52,488 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Market summary

### Market summary

As of 18th Apr. 2023

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 352.86 | -10.72 | -2.95% | 358.98 | 359.46 | 352.86 | 7,266 | 12,731,900 | 7 | 621,778 |

**Index chart**



## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 18th Apr2. 2023

| Trading Volume | Trading Value |
|---|---|
| 7,266 (Shares) | 12,731,900 (MMK) |

### Main Board

As of 1:00 pm, 18th Apr. 2023

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 7,266 (Shares) | 12,731,900 (MMK) |

| MYANPIX | 352.86 ▼ 10.72 |
|---|---|
| Total Volume (shares) | 7,266 |
| Total Value (MMK) | 13 mil |
| Listed Company | 7 |
| Market Cap. (MMK) | 621,778 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 7,800 | ▼ 200 |
| MTSH | 00002 | 2,900 | ▼ 100 |
| MCB | 00003 | 6,900 | ▼ 600 |
| FPB | 00004 | 1,450 | ▼ 50 |
| TMH | 00005 | 2,450 | ▼ 50 |
| EFR | 00006 | 2,600 | ▲ 0 |
| AMATA | 00007 | 5,000 | ▲ 0 |

TIR